နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၀)

၁၃၅၂ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီး** ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ခ) **ဦးစီးဌာန** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(ဂ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ဃ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊ တိုင်း၊ မြို့နယ်စု သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးတို့ကို ဆိုသည်၊

(င) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာန၏ ပြည်နယ်၊ တိုင်း၊ မြို့နယ်စု သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်

က စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦး ဦးကိုလည်းကောင်း၊ ဝန်ကြီးဌာနက အခါအားလျော်စွာ စစ်ဆေးရေးမှူး အဖြစ် တာဝန်ပေးအပ်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်၊

(စ) **မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတက်ရာဘက်ရေပြင်၊ မြစ်ဝများ၊ ချောင်းဝမျာ၌ အဝ၏ တစ်ဖက်ကမ်း အစွန်ဆုံးမှ အခြားတစ်ဖက်ကမ်း အစွန်ဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေတက်ရာဘက် ရေပြင်၊ ယင်း ဒီရေတက်ရာဘက် ရေပြင်မှ သီးသန့်စီးပွားရေးဇုန်အဆုံးအထိ ရေပြင်ကို ဆိုသည်၊

(ဆ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်၊

(ဇ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်၊

(ဈ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်၊

(ည) **ကမ်းနီးငါးလုပ်ငန်း** ဆိုသည်မှာ မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက်တွင် ညွှန်ကြားရေးမှူးချုပ်က ကမ်းနီးဒေသဟု သတ်မှတ်ပေးသည့် နေရာများတွင် လုပ်ကိုင်သော ငါးလုပ်ငန်းများကို ဆိုသည်၊

(ဋ္ဌ) **ကမ်းဝေးငါးလုပ်ငန်း** ဆိုသည်မှာ မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်တွင် ညွှန်ကြားရေးမှူးချုပ်က ကမ်းဝေးဒေသဟု သတ်မှတ်ပေးသည့် နေရာများတွင် လုပ်ကိုင်သော ငါးလုပ်ငန်းများကို ဆိုသည်၊

(ဌ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသော ပစ္စည်းကိရိယာကို ဆိုသည်၊

(ဍ) **ငါးဖမ်းကွက်** ဆိုသည်မှာ မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင် သို့မဟုတ် နေရာဒေသတွင် ဦးစီးဌာနက ငါးလုပ်ငန်းလုပ်ကိုင်ရန် သတ်မှတ်ပေးသည့် ရေပြင် သို့မဟုတ် နေရာဒေသကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင် သို့မဟုတ် နေရာဒေသများလည်း ပါဝင်သည်၊

(ဎ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသော ရေယာဉ်များလည်း ပါဝင်သည်၊

(ဏ) **ပြည်တွင်းငါးဖမ်းရေယာဉ်** ဆိုသည်မှာ နိုင်ငံသားတစ်ဦးဦးက ပိုင်ဆိုင်၍ ပြည်တွင်းတွင် မှတ်ပုံတင်ထားသော ရေယာဉ်ကို ဆိုသည်၊

(တ) **နိုင်ငံခြားငါးဖမ်းရေယာဉ်** ဆိုသည်မှာ နိုင်ငံခြားသားပိုင်ဖြစ်ပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားသော ရေယာဉ်ကို ဆိုသည်၊

(ထ) **ရေယာဉ်မှူး** ဆိုသည်မှာ ငါးဖမ်းရေယာဉ်ကို အမြဲတမ်းဖြစ်စေ၊ အခိုက်အတန့် ဖြစ်စေ ကြီးကြပ်အုပ်ချုပ်ရသူ၊ ဦးစီးရသူ သို့မဟုတ် ထိန်းသိမ်းရသူကို ဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပြမပါဝင်၊

(ဒ) **ပင်လယ်ထွက်ပစ္စည်း** ဆိုသည်မှာ ပင်လယ်ပြင်မှ ရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊

အပင် များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်များတွင် ပင်လယ်လိပ် နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ပင်လယ်ခရုခွံ၊ ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြုပ်၊ ကျောက် ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်၊

(ခ) **ပင်လယ်ထွက်ပစ္စည်း စုဆောင်းသည့် နေရာဒေသ** ဆိုသည်မှာ ပုဒ်မခွဲ (ဒ) ပါ ပင်လယ်ထွက်ပစ္စည်းများကို စုဆောင်းရန် ဦးစီးဌာနက သတ်မှတ်ပေးသည့် ရေပြင် သို့မဟုတ် နေရာဒေသများကို ဆိုသည်၊

(ဂ) **ရေလုပ်သား** ဆိုသည်မှာ ငါးဖမ်းလုပ်ငန်း၊ ငါးပြုပြင်မွမ်းမံခြင်းလုပ်ငန်း သို့မဟုတ် ပင်လယ်ထွက်ပစ္စည်းများကို စုဆောင်းသည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်သူကို ဆိုသည်၊

(ဃ) **လိုင်စင်** ဆိုသည်မှာ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်း လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ပင်လယ်ထွက်ပစ္စည်းများကို ရောင်းဝယ်ရန် စုဆောင်းခြင်းအတွက်ဖြစ်စေ၊ ပင်လယ်တွင် အပျော်တမ်းငါးဖမ်းခြင်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ၊ ငါးနှင့် ပတ်သက်သော အခြားလုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက်ဖြစ်စေ ဦးစီးဌာနက ထုတ်ပေးသော လိုင်စင်ကို ဆိုသည်၊

(ဇ) **လိုင်စင်ရှိသူ** ဆိုသည်မှာ ပုဒ်မခွဲ (ဃ) ပါ လုပ်ငန်းများကို လုပ်ကိုင်ရန် လိုင်စင်ရရှိသူကို ဆိုသည်၊

(ဈ) **လိုင်စင်ခ** ဆိုသည်မှာ ပုဒ်မခွဲ (ဃ) ပါ လုပ်ငန်းများကို လုပ်ကိုင်ရန် ပေးရသော အခွန်အခကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းကိရိယာအတွက် ပေးဆောင်ရသည့် အခွန်အခ၊ ငါးဖမ်းရေယာဉ်အတွက် ပေးဆောင်ရသည့် အခွန်အခ၊ အကယ်၍ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါချထားလျှင် ပေးဆောင်ရမည့် တင်ဒါကြေး၊ ပင်လယ်ထွက်ပစ္စည်းများ ရောင်းဝယ်ရန် စုဆောင်းခြင်းအတွက် ပေးဆောင်ရသည့် အခွန်အခ၊ ပုလဲမွေးမြူရန်အတွက် မုတ်ကောင်အား စုဆောင်းခြင်းအတွက် ပေးဆောင်ရသည့် အခွန်အခ၊

မွေးမြူရေးလုပ်ငန်းများအတွက် သားပေါက်များ၊ မျိုးစေ့များ၊ သားလောင်းများ၊ အပင်မျိုးစေ့များ စုဆောင်းသည့်အတွက် ပေးဆောင်ရသည့် အခွန်အခ၊ ငါးနှင့်ပတ်သက်သော အခြားလုပ်ငန်းများအတွက် ပေးဆောင်ရသည့် အခွန်အခ စသည်တို့ပါဝင်သည်၊

(ဘ) **နိုင်ငံသား** ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ပါဝင်သည်။ ယင်းစကားရပ်တွင် ပြည်တွင်းရင်းနှီးငွေဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်း၊ သမဝါယမဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းများလည်း ပါဝင်သည်၊

(မ) **နိုင်ငံခြားသား** ဆိုသည်မှာ နိုင်ငံသားမဟုတ်သူကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံခြားရင်းနှီးငွေဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

အခန်း (၂)
လိုင်စင်လျှောက်ထားခြင်း

၃။ ကမ်းနီးငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၄။ ကမ်းဝေးငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရဖြစ်စေ၊ ဖက်စပ်ငါးလုပ်ငန်းများအတွက်ဖြစ်စေ ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရေးအတွက် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၆။ ပင်လယ်ထွက်ပစ္စည်းရောင်းဝယ်ရန် စုဆောင်းလိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၇။ ပင်လယ်တွင် အပျော်တမ်းငါးဖမ်းခြင်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

အခန်း (၃)
အခွန်အခပေးဆောင်ခြင်း

၈။ လိုင်စင်ရရှိသူသည် အောက်ပါ အခွန်အခများအနက် ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည် -

(က) လိုင်စင်ခ

(ခ) မှတ်ပုံတင်ကြေး၊

(ဂ) ဒဏ်ကြေး၊

(ဃ) ရက်လွန်ကြေး၊

(င) အခြားပေးဆောင်ရန်ရှိသော အခွန်အခ။

၉။ ပေးဆောင်ရန်ရှိသော အခွန်အခများနှင့် စပ်လျဉ်း၍ လိုင်စင်ရရှိသူသည် နိုင်ငံသားဖြစ်လျှင် မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသားပါဝင်သည့် ဖက်စပ်လုပ်ငန်းဖြစ်လျှင် ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးဆောင်ရမည်။

အခန်း (၄)
မှတ်ပုံတင်ခြင်း

၁၀။ ကမ်းဝေးငါးလုပ်ငန်း လုပ်ကိုင်သော ငါးဖမ်းရေယာဉ်များသည် ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း မှတ်ပုံတင်ရမည်။

၁၁။ ငါးဖမ်းရေယာဉ်များတွင် ရေလုပ်သားအဖြစ် လုပ်ကိုင်လိုသူသည် ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း မှတ်ပုံတင်ရမည်။

၁၂။ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ အရ မှတ်ပုံတင်ရာတွင် ဦးစီးဌာနက သတ်မှတ်သည့် မှတ်ပုံတင်ကြေးက သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

အခန်း (၅)
ငါးဖမ်းကွက်သတ်မှတ်ခြင်း

၁၃။ ဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကွက်များကို လိုအပ်သလို သတ်မှတ်လျက် နိုင်ငံသားများအား လုပ်ကိုင်ခွင့်ပြုရမည်။ သို့ရာတွင် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဓနိမ့်များဥပဒေတွင် ဖွင့်ဆိုထားသည့် အခြေခံမျဉ်းများမှ ကမ်းခြေအကြားရှိ ငါးဖမ်းကွက်များကိုမူ နိုင်ငံသားများအား ဦးစားပေးလုပ်ကိုင်ခွင့်ပြုရမည်။

၁၄။ ဦးစီးဌာနသည် အခြေခံမျဉ်းများပြင်ပရှိ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကွက်များကို လိုအပ်သလို သတ်မှတ်လျက် အောက်ပါအစီအစဉ်အတိုင်း လုပ်ကိုင်ခွင့်ပြုနိုင်သည် -

(က) နိုင်ငံတော် စီးပွားရေးအဖွဲ့အစည်းနှင့် နိုင်ငံခြားသားတို့ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံသားနှင့် နိုင်ငံခြားသားတို့ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊

၁၅။ ဦးစီးဌာနသည် အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် အခြေခံမျဉ်းပြင်ပရှိ မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကွက်များကို လိုအပ်သလို သတ်မှတ်လျက် လုပ်ကိုင်ခွင့်ပြုရမည် -

(က) နိုင်ငံခြား ငါးဖမ်းရေယာဉ်ကို ပြည်တွင်းတွင် မှတ်ပုံတင်၍ လုပ်ကိုင်ခြင်း၊

(ခ) နိုင်ငံခြားသားက ပြည်တွင်းငါးဖမ်းရေယာဉ်ကို ငှားရမ်းလုပ်ကိုင်ခြင်း၊

(ဂ) နိုင်ငံခြားသားနှင့် ဖက်စပ်ငါးလုပ်ငန်းတွင် ပြည်တွင်း၌ မှတ်ပုံတင်ထားသော ရေယာဉ်ဖြင့် လုပ်ကိုင်ခြင်း။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၄ သို့မဟုတ် ပုဒ်မ ၁၅ အရ ငါးဖမ်းကွက် သတ်မှတ်ပေးရာတွင် အထူးကိစ္စရပ်များ၌ အခြေခံမျဉ်းများမှ ကမ်းခြေအကြားရှိ ငါးဖမ်းကွက်များကို ခွင့်ပြုနိုင်သည်။

အခန်း (၆)

လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောက်ရွက်နိုင်ခွင့်များ။

၁၇။ လိုင်စင်ရရှိသူသည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်၊

(ခ) ဦးစီးဌာနက သတ်မှတ်သည့် စည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) သီးသန့်စီးပွားရေးဇုန်မှအပ အခြား မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေးပြင်တွင် ငါးလုပ်ငန်း သုတေသနများကို ဆောင်ရွက်လိုလျှင် ညွှန်ကြားရေးမှူးချုပ်ထံမှ ကြိုတင်ခွင့်ပြုချက် ရယူရမည်။ အကယ်၍ သီးသန့်စီးပွားရေးဇုန်တွင် ငါးလုပ်ငန်းသုတေသနများကို ဆောင်ရွက်လိုလျှင် ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေပုဒ်မ ၂၀ နှင့်အညီ လျှောက်ထားရမည်၊

(ဃ) ငါးဖမ်းရေယာဉ်ပေါ်တွင် ဦးစီးဌာနက သုတေသနပြုရန် တာဝန်ပေးအပ်ခြင်း ခံရသူများ၊ လေ့လာသူများ၊ သင်တန်းသားများနှင့် ပတ်သက်၍ လိုအပ်သည် များကို အခမဲ့ဆောင်ရွက်ပေးရမည်၊

(င) မိမိရေယာဉ်တွင် ဦးစီးဌာနဌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားရမည်။

၁၈။ လိုင်စင်ရရှိသူသည် လိုင်စင်တွင် သတ်မှတ်ပေးသည့်အတိုင်း လုပ်ငန်းကို လုပ်ကိုင် ခွင့်ရှိသည်။

အခန်း (၇)

ဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ် လုပ်ပိုင်ခွင့်များ

၁၉။ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၃ အရ လျှောက်ထားလာသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လိုင်စင်ထုတ်ပေးနိုင် သည်။

၂၀။ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၇ အရ လျှောက်ထားလာသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ လိုင်စင်ထုတ်ပေးရ မည်။

၂၁။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် ပုဒ်မ ၄ အရ လျှောက်ထားလာသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ လိုင်စင်ထုတ်ပေးရမည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါတို့ကို သတ်မှတ်ပေးရမည် -

(က) ငါးလုပ်ငန်းများ၏ အမျိုးအစား၊ ပမာဏနှင့် အခွန်အခများ၊

(ခ) ငါးဖမ်းနည်း၊ ငါးဖမ်းချိန်၊ ဖမ်းဆီးခွင့်ပြုသည့် ငါးအမျိုးအစား၊ အရွယ် အစား၊ ငါးဖမ်းကိရိယာနှင့် ငါးဖမ်းကွက်များ

(ဂ) လိုင်စင်ပါ စည်းကမ်းချက်များ။

၂၃။ ညွှန်ကြားရေးမှူးချုပ်သည် ငါးလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ကြစေရန်အတွက်လည်းကောင်း၊ ငါးမျိုးပြုန်းတီးမှု ကာကွယ်ရန်အတွက်လည်းကောင်း၊ ငါးလုပ်ငန်းနှင့် ပတ်သက်သော စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် လုံလောက်သော အကြောင်းရှိလျှင်လည်းကောင်း၊ နိုင်ငံတော်၏ အကျိုးငှာ လိုအပ်လျှင်လည်းကောင်း မည်သည့်လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ထို့အပြင် မူလက သတ်မှတ်ပေးထားသော စည်းကမ်းချက်များကိုလည်းကောင်း၊ ငါးဖမ်းကွက်များကိုလည်းကောင်း ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၅။ တည်ဆဲဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စတွင် ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးများ၊ အခြားပစ္စည်းများနှင့် ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ခ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လိုင်စင်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား လုံလောက်သော ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း၊ ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ လိုင်စင်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ပုဒ်မခွဲ (က) အရ ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ရရှိသူက ပေးဆောင်ရန်ရှိသော အခွန်အခများနှင့် စပ်လျဉ်း၍ -

(က) နိုင်ငံသားဖြစ်ပါက မြန်မာငွေဖြင့်လည်းကောင်း၊ ပြည်ပမှ လာရောက်လုပ်ကိုင်သော နိုင်ငံခြားသား သို့မဟုတ် ဖက်စပ်လုပ်ငန်းတွင် နိုင်ငံခြားသား ပါဝင်ပါက နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးဆောင်စေရန် သတ်မှတ်ပေးရမည်၊

(ခ) ထူးခြားသည့် ကိစ္စရပ်တွင် ဝန်ကြီး၏ သဘောတူညီချက်ရရှိပါက နိုင်ငံခြားသားက ပေးဆောင်ရန်ရှိသော အခွန်အခများကို မြန်မာငွေဖြင့် သတ်မှတ်ပေးနိုင်သည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဦးစီးဌာနအရာရှိ တစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနမှူး တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်နိုင်သည်။

၂၈။ ဦးစီးဌာနက ထုတ်ပေးထားသည့် လိုင်စင်ပျက်စီးပျောက်ဆုံးသွားသဖြင့် လိုင်စင်မိတ္တူရလိုကြောင်း လျှောက်ထားသည့် ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး လိုင်စင်မိတ္တူကို ဦးစီးဌာနက ထုတ်ပေးနိုင်သည်။

၂၉။ လိုင်စင်ရရှိသူသည် မိမိအား ထုတ်ပေးထားသော လိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်းပြုကြောင်း စစ်ဆေးတွေ့ရှိရပါက

(က) ကမ်းနှီးငါးလုပ်ငန်းအတွက် ထုတ်ပေးထားသော လိုင်စင်ဖြစ်ပါက မြို့နယ် ဦးစီးဌာနမှူးက ပြန်လည်ရုပ်သိမ်းရမည်၊

(ခ) ကမ်းဝေးငါးလုပ်ငန်းအတွက် ထုတ်ပေးထားသော လိုင်စင်ဖြစ်ပါက ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးက ပြန်လည်ရုပ်သိမ်းနိုင်သည်။ ထိုသို့ ရုပ်သိမ်းကြောင်းကို ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

အခန်း (၈)

စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၀။ စစ်ဆေးရေးမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မိမိတာဝန်ခံရသည့် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင် သို့မဟုတ် ဒေသအတွင်း၌ ဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်က သီးခြားတာဝန် ပေးအပ်ချက်အရ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းရှိ မည်သည့်နေရာဒေသ၌မဆို ဖြစ်စေ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများ၊ ငါးများနှင့် ငါးလုပ်ငန်းများကို စစ်ဆေးခြင်း၊

(ခ) မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းရေယာဉ်များကို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ လိုက်ပါခြင်း၊ စစ်ဆေးခြင်းနှင့် ရှာဖွေခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်ပေါ်တွင် ထားရှိရမည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ မှတ်တမ်းများနှင့် အခြား စာရွက်စာတမ်းများအား တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဃ) ရေယာဉ်မှူး၊ ရေယာဉ်အမှုထမ်းများနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ ညွှန်ကြားခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ကိစ္စတွင် ဖောက်ဖျက်ကျူးလွန်သော ငါးဖမ်းရေယာဉ်နှင့်တကွ တွေ့ရှိသော ပစ္စည်းများကို သိမ်းဆည်းခြင်း၊

(စ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(ဆ) ငါးဖမ်းရာတွင် သုံးစွဲခွင့်မရှိသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော အခြားပစ္စည်းများအား သိမ်းဆည်းခြင်း၊

(ဇ) ငါးနှင့် အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းရငွေကို ဘဏ်အပ်ငွေအဖြစ် ပေးသွင်းခြင်း၊

(စျ) မိမိတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ပြည်သူ့ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူခြင်း၊

(ည) ငါးလုပ်ငန်းနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း (၉)

ရေယာဉ်မှူး၏တာဝန်များ

၃၁။ ငါးဖမ်းရေယာဉ်၏ ရေယာဉ်မှူးသည် -

(က) လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို လိုက်နာရမည်၊

(ခ) လိုင်စင်နှင့် ရေယာဉ်၏ မှတ်ပုံတင်လက်မှတ်တို့ကို ရေယာဉ်၏ ပဲ့ခန်းတွင် ထင်ရှားစွာ ချိတ်ဆွဲထားရမည်၊

(ဂ) ဦးစီးဌာနက သတ်မှတ်ပေးထားသည့်အတိုင်း ပြုစုထားရှိရမည့် ရေယာဉ် မှတ်တမ်းနှင့် ငါးဖမ်းမှတ်တမ်းတို့ကို ထိန်းသိမ်းထားရှိရမည်၊

(ဃ) မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို ငါးဖမ်းရေယာဉ်၌ လွှင့်ထူထားရမည်၊

(င) ရေယာဉ်ပေါ်တွင် လိုက်ပါလာကြသော စစ်ဆေးရေးမှူး၊ သုတေသနပြုသူများ၊ လေ့လာသူများနှင့် သင်တန်းသားများ၏ အန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်၊

(စ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

အခန်း (၁၀)

အယူခံခြင်း

၃၂။ (က) ဤဥပဒေအရ ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်၊

(ခ) ကမ်းနီးငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် ဆုံးဖြတ်ချက်အပေါ် ထပ်မံ၍ အယူခံခွင့်မရှိစေရ၊

(ဂ) ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်မှအပ ပုဒ်မခွဲ (က) အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် ကမ်းဝေးငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အမိန့်လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း (၁၁)

တားမြစ်ချက်များ

၃၃။ မည်သူမျှ လိုင်စင်မရှိဘဲ ကမ်းနီးငါးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၃၄။ မည်သူမျှ လိုင်စင်မရှိဘဲ ကမ်းဝေးငါးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၃၅။ လိုင်စင်ရရှိသူသည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၆။ လိုင်စင်ရရှိသူသည် ယင်းလိုင်စင်ကို လွှဲပြောင်းခြင်းမပြုရ။

၃၇။ မည်သူမျှ ပုဒ်မ ၃၆ အရ လွှဲပြောင်းပေးသော လိုင်စင်ကို လက်ခံရယူ၍ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၃၈။ မည်သူမျှ ငါးဖမ်းရာတွင် သုံးစွဲခွင့်မရှိသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော အခြားပစ္စည်းများကို သုံးစွဲခြင်း၊ ငါးဖမ်းရေယာဉ်ပေါ်တွင် လက်ဝယ်ထားရှိခြင်း မပြုရ။

၃၉။ မည်သူမျှ ငါး၊ အခြား ရေနေသတ္တဝါတို့အား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုအား ညစ်ညမ်းစေရန် သက်ရှိရေသတ္တဝါကိုဖြစ်စေ၊ အရာဝတ္ထုပစ္စည်းတစ်ခုခုကိုဖြစ်စေ မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်တွင် စွန့်ပစ်ခြင်းမပြုရ။

၄၀။ မည်သူမျှ လိုင်စင်မရှိဘဲ ပင်လယ်ထွက်ပစ္စည်းများကို ရှာဖွေခြင်း၊ စုဆောင်းခြင်း မပြုရ။

၄၁။ မည်သူမျှ လိုင်စင်မရှိဘဲ မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်တွင် အပျော်တမ်း ငါးဖမ်းခြင်းကို စီးပွားဖြစ်လုပ်ငန်းအဖြစ် တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

၄၂။ မည်သူမျှ တာဝန်ဝတ္တရားဆောင်ရွက်နေသော စစ်ဆေးရေးမှူးအား နှောင့်ယှက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း မပြုရ။

၄၃။ မည်သူမျှ ဦးစီးဌာနတွင် မှတ်ပုံမတင်ဘဲ ဤဥပဒေအရ လိုင်စင်ရရှိသော ငါးဖမ်းရေယာဉ်တွင် ရေလုပ်သားအဖြစ် လုပ်ကိုင်ခြင်းမပြုရ။

အခန်း (၁၂)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၄။ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၄၁ သို့မဟုတ် ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၄၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၉ သို့မဟုတ် ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား

ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၆။ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၇။ မည်သူမဆို ပုဒ်မ ၃၈ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၉။ တရားရုံးသည် ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ သို့မဟုတ် ပုဒ်မ ၄၇ အရ ထင်ရှားတွေ့ရှိလျှင် တရားရုံးရှေ့မှောက်သို့ တင်ပြသည့် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ လိုအပ်သလို စီမံခန့်ခွဲခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုနိုင်သည်။

၅၀။ မည်သူမဆို ဤဥပဒေ အရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရမည်။

အခန်း (၁၃)

အထွေထွေ

၅၁။ ဤဥပဒေအရ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ မိမိသဘော အလျောက် အောက်ပါအမိန့်များကို ချမှတ်နိုင်သည် -

(က) မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) နိုင်ငံတော်အကျိုးငှာ လိုအပ်ပါက ဦးစီးဌာနက ထုတ်ပေးထားသော လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရပ်သိမ်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပြန်လည်လျှောက်ထားလာပါက စိစစ်၍ ခွင့်ပြုခြင်း။

၅၂။ ရေယာဉ်မှူးသည် လိုင်စင်တွင် သတ်မှတ်ပေးထားသည့် ငါးဖမ်းကွက်ပြင်ပရှိ ရေပြင်တွင် ရေယာဉ်ဖြတ်သန်းသည့်အခါ ငါးဖမ်းကိရိယာများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း သိမ်းဆည်းခြင်းမပြုပါက ငါးဖမ်းသည်ဟု မှတ်ယူရမည်။

၅၃။ ဦးစီးဌာနသည် ငါးလုပ်ငန်းများမှ ကောက်ခံရရှိသော အခွန်အခများအနက် ငါးရာခိုင်နှုန်းထက် မပိုသော ရန်ပုံငွေကို ငါးလုပ်ငန်းသုတေသန၊ တိုးချဲ့ဖွံ့ဖြိုးရေး၊ ငါးမျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်မည့် ငွေပမာဏကိုသာ သုံးစွဲခွင့်ရှိသည်။

၅၄။ ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သော ပြစ်မှုကို တရားစွဲဆိုတင်ပို့ရာတွင် တရားရုံးရှေ့မှောက်သို့ သယ်ယူရန်မလွယ်ကူသော သက်သေခံပစ္စည်းများ၊ ပုဒ်မ ၂၅ အရ ညွှန်ကြားရေးမှူးချုပ်က အရေးယူဆောင်ရွက်ပြီးသော သက်သေခံပစ္စည်းများကို တင်ပြရန် မလိုဘဲ ယင်းပစ္စည်းများအား မည်သို့ စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့်သော်လည်းကောင်း၊ အခြား စာရွက်စာတမ်းအထောက်အထားများဖြင့်သော်လည်းကောင်း တရားရုံးသို့ တင်ပြရမည်။

၅၅။ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးက ဤဥပဒေအရ ချမှတ်သော အမိန့်သည် ဤဥပဒေအရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၅၇။ ကမ်းဝေးငါးလုပ်ငန်းတွင် အသုံးပြုမည့် ငါးဖမ်းရေယာဉ်ကို ပြည်တွင်းတွင် တည်ဆောက်လိုလျှင်ဖြစ်စေ၊ ပြည်ပမှ ဝယ်ယူတင်သွင်းလိုလျှင်ဖြစ်စေ ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၅၈။ ဤဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုများကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၉။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၆၀။ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲ အင်းအိုင်အက်ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ဆင့်ဆိုချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၆၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည် -

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။